# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု

## ဧရာဝတီတိုင်းဒေသကြီးရှိ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု အကျဉ်းချုပ်


UNDP
Empowered lives.
Resilient nations.

## နောက်ခံအကြောင်းအရာ

ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုကိုဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၄ ခုနှစ်၌ ပြုလုပ်ခဲ့သည်။ နိုင်ငံအဝှမ်း ဒေသန္တရအုပ်ချုပ်ရေးလေ့လာသုံးသပ်မှု၏ အစိတ်အပိုင်းအဖြစ် ဖွဲ့စည်းထားသော ဤလေ့လာသုံးသပ်မှုကို UNDP က ပြည်ထဲရေးဝန်ကြီး လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အတူတကွဆောင်ရွက်ခဲ့သည်။ နည်းစနစ် သုံးသပ်မှုအတွက် “Fast Fact: ၊မြန်မာနိုင်ငံ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု ”တွင် ကြည့်ပါ။

ဧရာဝတီတိုင်းဒေသကြီးလေ့လာမှုသည် လပွတ္တာ၊ ပုသိမ်နှင့် ဇလွန်မြို့နယ်များရှိ ပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများကို ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများပေးခြင်းတို့နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကို လွှမ်းခြုံမိ ပါသည်။

ပြည်သူ ၃၀၀၊ ဝန်ဆောင်မှုပေးသူနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၀၀ခန့်တို့က ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းနှင့် ပြည်သူအများ ပါဝင်မှု၊ အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့် ပညာရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် သောက်သုံးရေ) ရရှိမှုနှင့် သတင်းပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု။တာဝန်ခံမှု၊ တို့နှင့် ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံနှင့် သဘောထားအမြင်များကို မျှဝေပေးခဲ့ကြသည်။ ဤတင်ပြချက်စာစောင်တွင် အဓိကတွေ့ရှိချက်များနှင့် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ပါဝင်ဆောင်ရွက်သူများ (stakeholders) ကအကြံပြုထားသော ဆောင်ရွက်ရန်လုပ်ငန်းများ၏ ကနဦး စတင်ဆောင်ရွက်နိုင်ခြေရှိသည်များကိုပါ တင်ပြထားပါသည်။




ရင်းမြစ်။ MIMU

| ခရိုင်များ | မြို့နယ်များ | လူဦးရေ | ကျေးရွာအုပ်စုများ/ ရပ်ကွက်များ | မြေအကျယ်အဝန်း | လူဦးရေသိပ်သည်းမှု |
|---|---|---|---|---|---|
| ၆ | ၂၆ | ၆,၁၇၅,၁၂၃ | ရပ်ကွက် ၂၁၉၊ ကျေးရွာအုပ်စု ၁၉၁၂၊ ကျေးရွာများ ၁၁၆၅၁ | ၃၅,၁၃၈ စတုရန်းကီလိုမီတာ | ၁ စတုရန်းကီလိုမီတာ လျှင်၁၇၁ ဦး |

## သမိုင်းနောက်ခံနှင့် လူမှုစီးပွားရေးဆိုင်ရာ အကြောင်းအရာများ

သမိုင်းမှတ်တမ်းများအရ ဧရာဝတီမြစ်ဝှမ်းဒေသည် မွန်လူမျိုးများ မှီတင်းနေထိုင်ရာ ဒေသဖြစ်သည်။ ၁၈ – ရာစုတွင် ထိုမြစ်ဝှမ်းသည် မြန်မာနိုင်ငံသို့ ဗြိတိသျှတို့ ပထမဆုံးခြေကုတ်ယူသော နေရာဖြစ်ပြီး ဆန်စပါးထုပ်လုပ်မှု ဗဟိုချက်ဖြစ်လာခဲ့သည်။ ထိုခေတ်ကာလတွင်ပင် ကျေးရွာများ။ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များ၊ မြို့နယ်များနှင့် ခရိုင်များ တွင် နယ်မြေဆိုင်ရာဖွဲ့စည်းမှုများကို ထူထောင်ခဲ့သည်။


လွတ်လပ်ရေးရပြီးနောက် ဧရာဝတီသည် ရန်ကုန်အစိုးရသစ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်သို့ ကျရောက်ခဲ့သော် လည်း အဆိုပါအခြေခံစီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းပုံများသည် ၁၉၈၈ ခုနှစ်တိုင်အောင် နေသားတကျကျန်ရှိနေခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဧရာဝတီသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်း ၇ တိုင်းအနက် မှတစ်ခု (ပြည်နယ် ၇ – ခုနှင့်အတူ) ဖြစ်လာခဲ့သည်။



ဧရာဝတီသည် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်း၊ ဆန်စပါးနှင့် သီးနှံထုတ်လုပ်ရေး အချက်အချာဒေသအဖြစ် နှစ်ပေါင်း၁၀၀ ကျော်တိုင် ဖြစ်တည်ခဲ့သော်လည်း မကြာသေးမီဆယ်စုနှစ်များတွင် အထွက်နှုန်းများကျဆင်းမှု၊ လမ်းပမ်းဆက်သွယ်ရေးညံ့ဖျင်းမှုနှင့် သိုလှောင်ရေး အခြေခံအဆောက်အဦးများမဖွံ့ဖြိုးမှုတို့ကဧရာဝတီ၏ အနေအထားကို အတော်အတန်ကျဆင်း စေခဲ့သည်။ ထိုဒေသရှိ လူဦးရေ၏ ၃၂% ခန့်သည် နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်းအောက်တွင် ရှင်သန်နေကြရသည်။

၂၀၀၈ – ခုနှစ်၊ မေလ ၂ – ရက်နေ့တွင် ဧရာဝတီအား နာဂစ်ဆိုင်ကလုန်းမုန်တိုင်းက ပြင်းထန်စွာ ထိခိုက်စေခဲ့သည်။ သို့ရာတွင် အစိုးရဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် စိတ်ဝင်စားသောအဖွဲ့များ၏ စုစည်းသောအတွေ့အကြုံ၊ စွမ်းရည်တို့နှင့်အတူ၊ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုမှ ဖွံ့ဖြိုးသောမူလအခြေအနေသို့ ရောက်အောင်တုံ့ပြန်နိုင်မှုသည် ထိုဒေသအား ထူးခြားသောအနေအထားသို့ ပြန်လည်နေသားတကျဖြစ်စေခဲ့သည်။

## ရပ်ရွာအဆင့်တွင်တွေ့ရှိရသော တိုးတက်မှုများ






အနာဂါတ်တွင်ပြည်သူများထပ်မံမြင်တွေ့လိုသည့် တိုးတက်ဖြစ်ထွန်းမှုများမှာ –
မြို့ပြဒေသများတွင် လမ်းများကောင်းစေလိုခြင်း (၄၁%)ဖြစ်ပြီး၊ ကျေးလက်ဒေသတွင်လည်း အလုပ် အကိုင်နည်းပါးမှုဖြေရှင်းရေး (၂၈%) ဖြစ်သည်။

# ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် ပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

## ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများ

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေ (PRF)အတွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ (VTAs) ကစုစည်းသော၊ ကျေးရွာ အဆင့် ဦးစားပေးမှုများကို မြို့နယ်မှတဆင့် တိုင်းဒေသကြီးသို့တင်ပြရာတွင် စီမံချက် ၁၀ ခုအနက် ၂-၃ ခုကို အတည်ပြုခဲ့သည်။

မြို့နယ်တစ်ခုလျှင် PRF = အမေရိကန်ဒေါ်လာ ၃၄,၀၀၀

ပြည်နယ်/တိုင်းဒေသကြီး တစ်ခုလျှင်ကျေးလက် ဖွံ့ဖြိုးရေးရန်ပုံငွေ = အမေရိကန်ဒေါ်လာ ၁၀,၀၀၀

မြို့နယ်တစ်ခုလျှင် ပြည်သူ့လွှတ်တော် ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ = အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀

## မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ

ဧရာဝတီတွင်ဖွံ့ဖြိုးရေးရန်ပုံငွေရရှိရန် ဦးစားပေးမှုအဆိုပြုချက်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ (TMC )အစား၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ (TDSC) ကဦးဆောင်ရေးဆွဲချမှတ်သည်။ ဇလွန်TDSC သည် VTAကိုယ်စားလှယ်အစု ၈-ခုကိုအမည်စာရင်းတင်သွင်းပြီး ၎င်းတို့အားရပ်ရွာဖွံ့ဖြိုးရေးအတွက် ၎င်းတို့၏ သက်ဆိုင်ရာပထဝီဝင်နယ်မြေများမှ သတင်းဖလှယ်ရေးနှင့် အကြံဉာဏ်များ စုဆောင်းရေးအတွက် တာဝန်သက်မှတ်ပေးထားသည်။


## မြို့နယ်စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ

ဧရာဝတီတွင် အောက်ခြေမှအထက်သို့ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို ခိုင်မာတောင့်တင်းစေရန် လုပ်ပိုင်ခွင့်ပေးထားသော မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများ (TPIC) သည် အခြားကော်မတီများနှင့် နှိုင်းယှဉ်လျှင် တက်ကြွမှုရှိကြသည်။ TPIC များသည် စိတ်ဝင်စားသောအုပ်စုများမှ သတင်းများနှင့် အကြံဉာဏ်များစုဆောင်းရာတွင် အောင်မြင်မှုရှိကြသည်။

## မြို့နယ်စည်ပင်သာယာရေး ကော်မတီ

မြို့နယ်စည်ပင်သာယာရေးကော်မတီ (TMAC) သည် စည်ပင်သာယာစွန်များနှင့် ဘတ်ဂျက်စီမံကိန်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် အကောင်အထည်ဖော်သူအဖြစ် ပေါ်ပေါက်လာသည်။

ပြည်နယ်/ တိုင်းဒေသကြီးနှင့်ဒေသန္တရအဆင့်များတွင် အထောက်အကူပြုကော်မတီများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (VTAs) နှင့် ပြည်သူများကဲ့သို့သော ဒေသအကျိုးစီးပွားပါဝင်ဆောင်ရွက်သူများအတွက်အများနှင့် ဆိုင်သော လုပ်ငန်းများ၊ရင်းနှီးမြှုပ်နှံမှုများအတွက် စီမံကိန်းရေးဆွဲရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ် များတွင် သြဇာသက်ရောက်ခွင့်များပိုမို ပေါ်ထွက် လာလျက်ရှိသည်။





## အသွင်သစ် စရိတ်မျှခံ ပုံစံ

ဧရာဝတီတိုင်းဒေသကြီးရှိ စည်ပင်သာယာရေးအာဏာပိုင်များသည် အရင်းအမြစ်ကန့်သတ်ချက်များကိုကျော်လွှား၍ စည်ပင်သာယာရေးလမ်း အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းရေးအတွက် နိုင်ငံသားများနှင့်တိုက်ရိုက် စေ့စပ်ညှိနှိုင်းပါဝင်စေသည့် စရိတ်မျှပေးရေးပုံစံများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစရိတ်မျှပေးရေးပုံစံ ဖြင့် လမ်းနှင့်ဆက်စပ်သော လုပ်ငန်း ၁၀၀ ခန့်ကို ဆောင်ရွက်ပြီးဖြစ်သည်။


## အစည်းအဝေးများတွင် ပြည်သူများပါဝင်မှု

ရာအိမ်မှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး (VTA) တို့ကစီစဉ်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သစ်များ သို့မဟုတ် ကျေးရွာရှိပြဿနာများနှင့် ပတ်သက်သည့် အစည်းအဝေးများတွင် ဖြေကြားသူများ၏ ၅၃% ပါဝင်တက်ရောက်ခဲ့သည်။




## အမျိုးသမီးများ၏ကိုယ်စားပြုမှု


ဖွံ့ဖြိုးရေးစီမံကိန်းတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုသည် သိသာထင်ရှားမှုမရှိပါ။အမျိုးသမီးအနည်းငယ်ကသာ ဌာနအကြီးအကဲ အဖြစ်ဆောင်ရွက်ပြီး၊မြို့နယ်ကော်မတီများတွင် မည်သည့်အမျိုးသမီးမျှ ကိုယ်စားပြုခြင်းမရှိပါ။ ဇရာဝတီတွင် အမျိုးသမီး VTAs ၈-ဦးရှိရာ အခြားသောပြည်နယ်။တိုင်းဒေသကြီး အများစုထက်ပို၍ မြင့်မားသည်။



မြို့နယ်ဌာနများရှိ အမျိုးသမီးအကြီးအကဲရာခိုင်နှုန်း

## အခြေခံဝန်ဆောင်မှုများရရှိသုံးစွဲမှု၊ အခြေခံကျန်းမာရေး၊ ပညာရေးနှင့် ရေရရှိမှု

လူထု၏ ၇၆% ပညာရေးအရည်အသွေးကို တိုးတက်မှုရှိသည်ဟုသိမြင်ကြပြီး ၇၈% က ကျေနပ်နှစ်သက်ကြသည်။ ကျန်းမာရေးကို ၅၁% က တိုးတက်သည်ဟုသိမြင်ကြပြီး ၃၉% က ကျေနပ်နှစ်သက်ကြသည်။ သောက်ရေရရှိမှုကို တိုးတက်သည်ဟု ၂၆% က ယူဆကြသည်။




တိုးတက်လာသည် | အရင်အတိုင်း | ပိုဆိုးလာသည် | မသိပါ

အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် မြစ်ဝကျွန်းပေါ်ဒေသကြောင်း လမ်းများမှတဆင့် ဝေးလံသောကျေးရွာများသို့ ဝန်ဆောင်မှုဖြန့်ဖြူးခြင်းသည် ကြီးမားသော စိန်ခေါ်မှုဖြစ်သည်။

၉၂% က ကျန်းမာရေးဝန်ဆောင်မှုများရရှိမှုကို တန်းတူရရှိသည် (သို့မဟုတ်) ကလေးများနှင့်ပတ်သက်၍ ကျောင်းတွင် တန်းတူအခွင့်အရေး ရရှိသည်ဟု ရှုမြင်သည်။

### ကျန်းမာရေး စောင့်ရှောက်မှု စွမ်းဆောင်ရည်

ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းလုပ်ငန်းစဉ်အတွက် ကောင်းသောပြောင်းလဲမှုမှာ ဆေးဝါးပစ္စည်းများနှင့် အသုံးအဆောင်ကိရိယာများ ဝယ်ယူဖြည့်တင်းမှုဖြစ်ပြီး ယခုအခါ ထိုကိစ္စသည် တိုင်းဒေသကြီးအဆင့် ကျန်းမာရေးဦးစီးဌာန၏တာဝန်ဖြစ်သည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (TMOs) က လိုအပ်သည့်ဆေးဝါးပစ္စည်းများစာရင်းကို ပြုစုပေးသည်။

### ပညာရေးဆိုင်ရာ အကြံပေးဆွေးနွေးခြင်း

ပညာရေးကဏ္ဍတွင် အကြံပေးဆွေးနွေးမှုချဉ်းကပ်နည်းကို မကြာသေးမီက ပိုမိုအသုံးပြုလာသည်။ ၂၀၁၄-၂၀၁၅ ခုနှစ် စီမံကိန်းအတွက် ကျောင်းအုပ်ဆရာကြီးများအားလုံးထံမှ သတင်းအချက်အလက်နှင့် အဆိုပြုချက်များကို မြို့နယ်အဆင့်ပညာရေးတာဝန်ရှိသူများက စုစည်းရယူသည်။ ထို့ပြင် ကျောင်းတစ်ကျောင်းမှ မိဘ ၃-၄ ဦးအား တိုင်းဒေသကြီးအဆင့် အစည်းအဝေးသို့တက်ရောက်၍ ၎င်းတို့၏အမြင်များကို မျှဝေရန် ဖိတ်ကြားခဲ့သည်။

### အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများ (CSOs) ဝန်ဆောင်မှုပေးသူများနှင့် အဓိကကြားဝင် ဆောင်ရွက်ပေးသူများ


နာဂစ်ဆိုက်ကလုန်းမုန်တိုင်းအလွန်ကာလတွင် CSOs များသည် ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများအား အဓိက ဖြည့်ဆည်းပေးသူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ပုသိမ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်း(CSOs) ၅၃-ဖွဲ့၊ လပွတ္တာတွင် ၉-ဖွဲ့နှင့် ဇလွန်တွင် ၇-ဖွဲ့ ရှိသည်။ ဇလွန်တွင် အကူအညီရှာဖွေသော ရပ်ရွာလူထုဝင်များအတွက် CSOs များသည် ပထမဆုံးဦးတည်ရာ ဖြစ်ပြီး ပုသိမ်တွင် ပြည်သူများနှင့် CSOs များအကြား ကောင်းမွန်သော အပြန်အလှန်အကျိုးပြုမှုရှိသည်။

# သတင်းအချက်အလက်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု/ တာဝန်ခံမှု


ဇရာဝတီတွင်ဆယ်အိမ်မှူး၊ရာအိမ်မှူးများသည်အစိုးရနှင့်ပတ်သက်သော သတင်းအချက်အလက်များဖြန့်ဝေရာတွင် ၏အခြေခံရင်းမြစ်များဖြစ်သည်ဟု ဖြေကြားသူအားလုံး၏ ၇၅% ကဆိုသည်။



တိုင်ကြားမှုများမြင့်တက်လျက်ရှိသည်။ ပုသိမ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သည် တစ်လလျှင် နစ်နာမှု ၆၀ – ၈၀ ခန့်လက်ခံရရှိပြီး ယင်းတို့၏ ထက်ဝက်ခန့်မှာ မြေယာနှင့်ပတ်သက်သည်။





ဒေသန္တရအုပ်ချုပ်ရေးတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ (VTA) သည် အချက်အချာဖြစ်သည်။ မြို့ပြမှဖြေကြားသူများ၏ ၇၂% က ၎င်းတို့ရပ်ကွက်အုပ်ချုပ်ရေးမှူး၏အမည်ကို သိရှိသကဲ့သို့ ကျေးလက်ဒေသမှ ဖြေကြားသူများ၏ ၉၃% က ၎င်းတို့ ရွေးကောက်ထားသော VTA ၏ အမည်ကိုသိရှိကြသည်။ ဒေသအဆင့်ကိုယ်စားလှယ်များကိုမူ သိရှိမှုနည်းသည်။




ရပ်ကွက်အုပ်ချုပ်ရေးမှူး အားလုံးလိုလိုက မြို့နယ်အုပ်ချုပ်ရေးဌာနသည်ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်သော ပြည့်စုံသည့်သတင်းများကို၎င်းတို့အားဖြန့်ဝေပေးသည် ဟုယူဆသည်။ သို့ရာတွင် ပြည်သူအနည်းငယ်ကသာယင်းအချက်ကိုလက်ခံသည်။ CSOs များကလည်း သတင်းလမ်းကြောင်း တိုးတက်စေသင့်သည်ဟု ယူဆကြသည်။

## သတင်းဖြန့်ဝေမှုနှင့်ပတ်သက်၍ သိမြင်မှုကွာဟချက်




ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုခံယူသော လူများ၏ ၆၅% က ဆေးဝါးဖိုးပေးရလေ့ ရှိသည်ဟု ပြောကြားပြီး ၈% သောမိဘများက ၎င်းတို့သည် ကျောင်းဆရာများနှင့် ကျောင်းအုပ်ကြီးများအား လက်ဆောင်ပေးရလေ့ရှိသည်ဟု ပြောကြားသည်။

## ရပ်ရွာလူထုဆွေးနွေးပွဲ



ရပ်ရွာလူထုဆွေးနွေးပွဲများတွင် ရပ်ရွာရှိမတူညီသောအုပ်စုများဖြစ်သည့်အမျိုးသမီးများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများအပြင် ဒေသန္တရဝန်ဆောင်မှုပေးသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုဖြန့်ဖြူးရေးဆိုင်ရာ အဓိကပြဿနာများကိုဆွေးနွေးကြပြီး ၎င်းတို့ကိုယ်တိုင်စတင်ဆောင်ရွက်နိုင်သော အဖြေများကိုစဉ်းစားကြသည်။

ဇရာဝတီတွင်ဆွေးနွေးသော ဖြေရှင်းမှုများ၏ သာဓကအချို့မှာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ စာချုပ်ဖြင့်အငှားချထားသော ပြည်သူပိုင်ဆေးခန်းကို အများပြည်သူအသုံးပြုရေးအတွက် ပြန်လည်ရယူရေးအား ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ပြည်သူများနှင့် CSOs တို့ ပူးပေါင်းဆောင်ရွက်မှု၊ ကျန်းမာရေးဝန်ဆောင်မှုများတွင်ခွဲခြားဆက်ဆံမှုကိုကိုင်တွယ်ဖြေရှင်းပေးရန်၊ ကျန်းမာရေးဝန်ကြီးဌာနသို့ ပူးတွဲအဆိုပြုချက်ရေးသားခြင်းနှင့် ကျောင်းအဆင့်မြှင့်တင်ရေးအတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူး ပညာရေးဝန်ထမ်းများနှင့် ရပ်ရွာလူထုပူးပေါင်းလုပ်အားပေးရေး အစီအစဉ်ရေးဆွဲခြင်းစသည်တို့ဖြစ်သည်။

## တိုင်းဒေသကြီးအဆင့် ထောက်ခံတင်ပြချက်များ

ဧရာဝတီတိုင်းဒေသကြီး လေ့လာသုံးသပ်မှုမှ ကြားဖြတ်တွေ့ရှိချက်များ မျှဝေရေးအတွက် တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများကို ပြောင်းလဲရေးအတွက် ထောက်ခံတင်ပြချက်များပေးခဲ့ကြသည်။



- မြို့နယ်နှင့် တိုင်းဒေသကြီးအဆင့် နှစ်ရပ်စလုံး၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန GAD နှင့် ဌာနများဆိုင်ရာများအကြား ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စိန်ခေါ်မှုများရှိနေရာ ဌာနအချင်းချင်းပေါင်းစပ် ညှိနှိုင်းလုပ်ဆောင်နိုင်ခွင့်ကို GAD အားပိုမိုအခွင့်အရေးပေး၍ အငြင်းပွားမှုဖြေရှင်းခြင်းများတွင် လည်း ကတိကဝတ်ပြုထားသည့် တစ်ဦးချင်းပုဂ္ဂိုလ်များကို ပိုမိုတာဝန်ယူစေခြင်း၊ ပိုမိုကောင်းမွန်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စီမံအုပ်ချုပ်မှုစနစ်များနှင့် မူဝါဒအမျိုးမျိုးကို လေ့လာရန် အရာထမ်းများအားလည်း နိုင်ငံခြားသို့ စေလွှတ်ခြင်း။

- မြို့နယ်အုပ်ချုပ်ရေး၊ အခြားအဖွဲ့အစည်းများနှင့် ဌာနများအကြား သတင်းလမ်းကြောင်း ချို့တဲ့မှုဖြစ်ရပ်ကို ဖြေရှင်းရန် အတွက် မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စု၊ရပ်ကွက်အဆင့်တို့တွင် ပိုမိုတွေ့ဆုံဆွေးနွေးမှုများ စီစဉ်ခြင်းနှင့် ပြည်သူ့ရေးရာများနှင့် သတင်းမျှဝေရေးတို့တွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုခိုင်မာတောင့်တင်းစေရန် CSOs များအတွက် စွမ်းရည်တည်ဆောက်မှုကို စီစဉ်ဆောင်ရွက်ခြင်း။


## သုံးသပ်ချက်များ

၁ မြို့နယ်ကော်မတီအဖွဲ့ဝင်များအား ၎င်းတို့၏အခန်းကဏ္ဍများနှင့် လုပ်ပိုင်ခွင့်များကို ပိုမိုရှင်းလင်းပီပြင်စွာ သိမြင် လာရေးအတွက် ၎င်းတို့၏ စွမ်းရည်များ တိုးတက်ရန်လိုအပ်သည်။

၂ ဒေသန္တရအုပ်ချုပ်ရေးဆောင်ရွက်သူများအဖြစ် အမျိုးသမီးများလုံးဝနီးပါး ပါဝင်မှုမရှိခြင်းနှင့်အတူ အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများသည် အဓိပ္ပါယ်ပြည့်ဝသောလမ်းကြောင်းတွင် ထင်ဟပ်ဖွယ်မရှိပါ။ ထို့ပြင် ကျေးရွာ အဆင့်အစည်းအဝေးများတွင် အမျိုးသမီးများပါဝင်တက်ရောက်မှု နည်းပါးခြင်းသည် ကျား – မ ဆိုင်ရာ တန်းတူညီမျှမှုကို ပိုမိုအာရုံစိုက်စေရန် ဖော်ပြနေသည်။

၃ သတင်းများကို ပြည်သူလူထုနှင့်မျှဝေရာတွင် ဒေသန္တရအစိုးရဝန်ထမ်းများအား မီဒီယာများ ပိုမိုထိရောက်စွာ အသုံးပြုရေးတွင် ပံ့ပိုးကူညီမှုပေးရန် လိုအပ်သည်။ မြို့နယ်များသည် ပြည်သူလူထုအား ဆီလျော်၍ဆန်းသစ်သော နည်းလမ်းများဖြင့် သတင်းဖြန့်ဖြူးရန် အများပြည်သူဆိုင်ရာ သတင်းဆက်သွယ်ရေးအရာရှိများကို သတ်သတ်မှတ်မှတ် တာဝန်ပေးထားသင့်သည်။

၄ လက်တလောဖွဲ့စည်းထားသော မြို့နယ်ကော်မတီများအတွက် တာဝန်ယူမှု / တာဝန်ခံမှုစနစ်များအား ယင်းတို့၏ ထိရောက်မှုကို စောင့်ကြည့်လေ့လာရန်နှင့် ပွင့်လင်းမြင်သာမှု၊ တရားဝင်မှုနှင့် အကျိုးသက်ရောက်မှုတို့ကို လည်းထည့်သွင်း စဉ်းစားရန်လိုအပ်သည်။



၅ ဧရာဝတီတိုင်းဒေသကြီးတွင် CSOs များသည် ဒေသန္တရအုပ်ချုပ်ရေးရာများတွင်ပါဝင်ဆောင်ရွက်သူများအဖြစ် လျင်မြန်စွာပေါ်ထွန်းလျက်ရှိသော်လည်း တရားဝင်ဌာနအဖွဲ့အစည်းများနှင့် ဒေသန္တရအုပ်ချုပ်မှုလုပ်ငန်းစဉ်များအား ကန့်သတ်သိမြင်မှုဟူသော အဓိက အခက်အခဲမှာ ကျန်ရှိနေဆဲဖြစ်သည်။ အဆင့်တူကွန်ရက်များ၏ စွမ်းရည်တည်ဆောက်မှုနှင့် ဖွံ့ဖြိုးမှုသည် CSOs များ၏ လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများကို မြင့်တက်စေနိုင်သည်။

**ပို၍အသေးစိတ်သိလိုပါက ဧရာဝတီတိုင်းဒေသကြီး၊ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှုအစီရင်ခံစာကို www.mm.undp.org တွင် ကြည့်ပါ။**

UNDP မြန်မာ
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ၁၁၂၁၁၊ မြန်မာ။
Email: communications.mm@undp.org
၂၀၁၅ – ခုနှစ်၊ ဇန်နဝါရီ